**နိုဝင်ဘာလတွင် အမေရိကန် ဖက်ဒရယ်အစိုးရသည် ယခင် ဗမာနိုင်ငံခေါ် မြန်မာနိုင်ငံ မှ လာရောက်နေထိုင်သူများအတွက် ယာယီကာကွယ်ရေးအစီအစဉ် (Temporary Protected Status – TPS) ကို ဇန်နဝါရီလ ၂၆ ရက်တွင် အဆုံးသတ်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အဆုံးသတ်ရက်မတိုင်မီ WBOI မှ Ella Abbott နှင့် Catholic Charities မှ Nicole Kurut တို့ တွေ့ဆုံမေးမြန်းကာ အဆိုပါပြောင်းလဲမှုများမှာ ဘယ်သူတွေကို ထိခိုက်သက်ရောက်မလဲနှင့် ထိုသူတို့အတွက်အနာဂတ်မှာ ဘာတွေ ဖြစ်လာနိုင်မလဲကို ပိုမိုနားလည်နိုင်ရန် ဆွေးနွေးခဲ့သည်။**

**ကျွန်ုပ်တို့ ဒီနေ့ ရဲ့အဓိကအကြောင်းအရာဖြစ်တဲ့ ဇန်နဝါရီလ ၂၆ ရက်နေ့မှာ ဘာတွေ အတိအကျဖြစ်လာနိုင်လဲဆိုတာကနေ စဆွေးနွေးလိုက်ကြရအောင်။**

ဇန်နဝါရီလ ၂၆ ရက်နေ့မှာ အမေရိကန်အစိုးရက မြန်မာနိုင်ငံသားများအတွက် ယာယီကာကွယ်ရေးအစီအစဉ် (Temporary Protected Status – TPS) ကို ရပ်ဆိုင်းသွားမှာ ဖြစ်ပါတယ်။

**ယာယီကာကွယ်ရေးအစီအစဉ် ဆိုတာဘာလဲ၊ ကနေဦးတည်းကလူတွေက ဘယ်လိုနည်းလမ်းနဲ့ ဒီအခွင့်အရေးကို ရရှိခဲ့တာလဲဆိုတာကို နည်းနည်းပိုပြီး ရှင်းပြပေးနိုင်မလား။**

ယာယီကာကွယ်ရေးအစီအစဉ် ဆိုတာက အမည်အတိုင်းပဲ အမေရိကန်ပြည်ထောင်စုအတွင်းမှာ ရှိပြီးသား လူတွေကို ပေးတဲ့ယာယီအခွင့်အရေးတစ်ခု ဖြစ်ပါတယ်။ မြန်မာနိုင်ငံအခြေအနေနဲ့ ဥပမာပြရရင် အမေရိကန်သို့ ကျောင်းသားအနေဖြင့်ရောက်ရှိလာသူ၊ အလုပ်လုပ်ဖို့ လာရောက်နေထိုင်ပြီးသားသူ၊ ၂၀၂၁ ခုနှစ်မြန်မာနိုင်ငံမှာ စစ်တပ်က အာဏာသိမ်းခဲ့ချိန်ရောက်ရှိလာသူတို့ကို အမေရိကန်အစိုးရက လူသားချင်းစာနာရေးအစီအစဉ်ဖြင့်အမေရိကန်နိုင်ငံတွင် အချိန်အတိုင်းအတာတခုအထိပေးခိုလှုံသည့် အစီအစဉ်ဖြစ်သည်။ လက်ရှိမြင်တွေ့နေရတဲ့အတိုင်း ဒီအခွင့်အရေးဟာ သက်တမ်းလဲတိုးနိုင်သလို ရပ်ဆိုင်းလဲပစ်လိုက်နိုင်ပြီး ဒါဟာ အစိုးရရဲ့ ဆုံးဖြတ်ချက်ပေါ် လုံးဝမူတည်ပါတယ်။ မြန်မာနိုင်ငံမှာ ဒီနှစ်အတွင်း လွတ်လပ်သော ရွေးကောက်ပွဲများ ပြုလုပ်သွားမည်ဖြစ်၍ ခိုလှုံသူတို့ကိုပြန်ပို့ရန် လုံခြုံတယ်လို့ ယူဆထားသည့်

အတွက်ကြောင့်လဲ အမေရိကန်အစိုးရက TPS ယာယီကာကွယ်ရေးအစီအစဉ်ကို ပြန်လည်ရုတ်သိမ်းဖို့ရနိုင်လောက်သည်ဟုဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။

**ဒါဆိုရင် ဒီအခြေအနေက ဒုက္ခသည် ပြန်လည်အခြေချရေး အစီအစဉ်နဲ့ ဘာတွေများကွာခြားပါသလဲ။**

မေးခွန်းကောင်းပါပဲ။ ဒီမေးခွန်းကို မကြာခဏ ကြုံတွေ့ရပါတယ်။ ဒုက္ခသည် ပြန်လည်အခြေချရေး အစီအစဉ်က ၁၉၈၀ ခုနှစ်ကစတင်ခဲ့တဲ့ တရားဝင် ဖက်ဒရယ်အစီအစဉ်တစ်ခု ဖြစ်ပြီး အစိုးရက ငွေကြေးအထောက်အပံ့ပေးပါတယ်။ ဒါကြောင့် ဒီအစီအစဉ်မှာ ကုလသမဂ္ဂ (UN) လည်း ပါဝင်ပါတယ်။

လူတစ်ယောက် ဒုက္ခသည်အဖြစ် လျှောက်ထားနိုင်ဖို့ဆိုရင် ကုလသမဂ္ဂ(UN) က အရင်ဆုံး အဆိုပါနိုင်ငံမှာ လူတွေ ဘယ်လောက်အထိ ဖိနှိပ်မှု ခံနေရလဲဆိုတာကို စိစစ်ပြီး ဒုက္ခသည်အဖြစ် သတ်မှတ်ပေးသင့်တယ်လို့ ဆုံးဖြတ်ရပါတယ်။ ဒုက္ခသည်အဖြစ် အမေရိကန်ကို ရောက်လာတဲ့သူတွေဟာ တစ်နှစ်အတွင်း အမြဲတမ်းနေထိုင်ခွင့် (Green Card) ကို လျှောက်ထားနိုင်ပြီး၊ နှစ်အချိန်အတော်ကြာပြီးလျှင် နိုင်ငံသားဖြစ်ခွင့်ကိုရွေးချယ် လျှောက်ထားနိုင်ပါတယ်။

အဲဒီကြောင့် သူတို့ဟာ တရားဝင်နေထိုင်နေသူများ ဖြစ်ပြီး ကျွန်ုပ်တို့ ဝန်းကျင်အတွင်းမှာ နေထိုင်တဲ့ မြန်မာလူမျိုးအများစုကလည်း ဒီဒုက္ခသည်အစီအစဉ်နဲ့ ဝင်ရောက်လာကြတာ ဖြစ်ပါတယ်။

**ဒီပြောင်းလဲမှုနဲ့ ပတ်သက်ပြီး ကိုယ်ဟာ ထိခိုက်နိုင်လား မသေချာတဲ့သူတွေကို သင်ဘာအကြံပြုချင်ပါသလဲ။**

ကိုယ့်ကိုယ်ကိုယ် ထိခိုက်နိုင်မလား မသေချာဘူးဆိုရင် ကိုယ့်ရဲ့ ဥပဒေရေးရာ ကိုယ်စားလှယ်နဲ့ ချက်ချင်း ဆက်သွယ်သင့်ပါတယ်။ ဒီအခြေအနေတွေကို နားလည်ထားဖို့က အလွန်အရေးကြီးပါတယ်။ လူအများစုကတော့ ကိုယ်ကိုယ်ကိုယ် ဒုက္ခသည်အစီအစဉ်နဲ့ လာတာလား TPS နဲ့ လာတာလား ဆိုတာ သိပြီးသား ဖြစ်မယ်ထင်ပါတယ်။ ဒါပေမယ့် မသေချာဘူးဆိုရင် Google မှာ ရှာမနေ

ပါနဲ့။ Catholic Charities သို့မဟုတ် လူဝင်မှုကြီးကြပ်ရေး အထူးပြု ဥပဒေရေးရာရှေ့နေတစ်ဦးကို ဆက်သွယ်ပါ။

## ဇန်နဝါရီလ ၂၆ ရက်ပြီးရင် ဘာတွေကို မျှော်လင့်ထားပါသလဲ။

အတိအကျပြောရရင် ဇန်နဝါရီလ ၂၆ ရက်ပြီးရင်တော့ နယ်နှင်ဒဏ်အမိန့်တွေ စတင်အကျိုးသက်ရောက်လာနိုင်ပါတယ်။ ဒါပေမယ့် အနည်းဆုံး ကျွန်ုပ်တို့ ခန့်မှန်းချက်အရတော့ ကျွန်ုပ်တို့ ဝန်းကျင်မှာ နေထိုင်တဲ့ မြန်မာနိုင်ငံသား အရေအတွက်နဲ့ နှိုင်းယှဉ်ရင် ဒီပြောင်းလဲမှုက လူအနည်းငယ်ကိုသာ သက်ရောက်နိုင်မယ်လို့ တွေးထားပါတယ်။ ဒီလိုဒေသနေရာမျိုးမှာ ကြီးမားတဲ့ ပြောင်းလဲမှုတွေ မမြင်ရနိုင်ဘူးလို့ မျှော်လင့်ထားပါတယ်။

## ယာယီကာကွယ်ရေးအစီအစဉ် TPS ဆုံးရှုံးရမှာကို စိုးရိမ်နေသူတွေကို အဖွဲ့အစည်းအနေနဲ့ အခြား ထောက်ပံ့ပေးနိုင်မယ့်နည်းလမ်းတွေများရှိသလား။

အကောင်းဆုံး လုပ်နိုင်တာက ဒီအခြေအနေတွေရဲ့ ကွာခြားချက်တွေကို ကိုယ်တိုင် သိရှိနားလည်ထားခြင်းပါပဲ။ ဘာကြောင့်လဲဆိုတော့ သင်ဟာဘယ်နေ့မှာ အခြားသူတစ်ယောက်ကို ဒီဥပဒေရေးရာ အချက်အလက်တွေကို မျှဝေရမလဲဆိုတာမသိနိုင်ပါဘူး။ ကျွန်ုပ်တို့ဆီမှာ ဒီလိုအလုပ်ဟာ အလွန်အရေးကြီးသည်နှင့်အမျှ ထိုလူဝင်မှုကြီးကြပ်ရေးအလုပ်တွေကို လုပ်နိုင်ရန် တရားရေးဌာနက အသိအမှတ်ပြုထားတဲ့ကျွမ်းကျင်သူတွေ ရှိပါတယ်။ ပြီးလျှင်အရေးအကြီးဆုံးကတော့ မေတ္တာထားခြင်းပါပဲ။ လူတိုင်းဟာ သူတို့မွေးဖွားလာချိန်ကတည်းကစပြီး တန်ဖိုးဂုဏ်ရှိပါတယ်။ သူတို့ကို သနားကြင်နာမှုနဲ့ လေးစားစွာ ဆက်ဆံပေးရပါမယ်။ သူတို့ ဘယ်လို ခံစားနေရလဲဆိုတာကို ကျွန်ုပ်တို့ မသိနိုင်တဲ့အတွက် သူတို့ဘေးမှာ အတူလိုက်ပါရပ်တည်ပေးဖို့ အရေးကြီးပါတယ်။